# နိုင်ငံခြားသားများ ဥဒဟိုဝင်လာစေတဲ့ ဗမာပြည် နိုင်ငံရေး အခြေအနေသစ်

ရန်ကုန်မှာ နိုင်ငံမျိုးစုံက၊ အထူးသဖြင့် အနောက်နိုင်ငံတွေက သံတမန်မျိုးစုံတို့ ခြေချင်းလိမ်နေကြပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရုံးဆီကိုလည်း သူတို့တတွေ အချီချီ ဝင်ထွက်သွားလာ နေကြပါတယ်။ နောက်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တွေနဲ့လည်း ခဏခဏ တွေ့ဆုံ နေကြပါတယ်။ ဘာတွေဖြစ်ကုန်ကြပြီလဲ၊ နအဖ ဗိုလ်ချုပ်တွေ သဘောထားကြီးလှချည့် လား။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို နေရာပေးလှချည့်လား၊ ပွဲထုတ် လှချည့်လား။

အနောက်ကနေ ဘယ်ခါမှ နေမထွက်ပါဘူး။ ဒီကိစ္စတွေဟာ အနောက်နိုင်ငံတွေက နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ဖို့ ပြောသံတွေ ထွက်လာတဲ့ နောက်မှာ ပေါ်လာတဲ့ ဖြစ်ရပ်တွေ ဆိုတာ သတိထား သင့်ပါတယ်။ နအဖဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ကို သူတို့ရဲ့ ရွှေဂုံတိုင် ကြေညာချက်နဲ့ ရွေးကောက်ပွဲ ဝင်ရေးဆိုတဲ့ အကြားမှာ ကြားညပ်ပြီး ဒုက္ခရောက်အောင် တွန်းပို့နေတာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းမှာ ရွှေဂုံတိုင် ကြေညာချက်အပေါ် တွေဝေမှုတွေပေါ်အောင်၊ နိုင်ငံခြားသားတွေ ဖြစ်စေချင်တဲ့ ၂၀၁၀ ရွေးကောက်ပွဲ ဝင်ရေး အယူအဆကိုပဲ လက်ခံရမယောင်ယောင်၊ ရှုပ်ထွေးမှုတွေပေါ်၊ ပဲ့ထွက်တာ၊ ကွဲထွက်တာတွေ ဖြစ်ပေါ်အောင် တမင် ဖန်တီးနေတာဖြစ်ပါတယ်။ တချိန်တည်းမှာပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အနောက်နိုင်ငံတွေနဲ့ ရန်တိုက် ပေးနေတာလို့ ဆိုရင်လည်း မမှားပါဘူး။ နအဖ ဗိုလ်ချုပ်တွေက "တွေ့တယ်မဟုတ်လား၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ခင်ဗျားတို့ နားချတာကိုလည်း လက်မခံဘူး၊ ဗမာပြည်နိုင်ငံရေး တင်းမာနေတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခေါင်းမာနေလို့ ဖြစ်တယ်ဆိုတာ ကိုယ်တိုင်တွေ့ကြပြီ မဟုတ်လား"လို့ပြောနေသလိုပါပဲ။ ဒါကြောင့်လည်း တချို့ နိုင်ငံခြားက မေးမြန်းသူတွေ မေးပုံမြန်းပုံဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုက်ကို တရားခံစစ် စစ်နေသလားလို့တောင် ထင်စရာဖြစ်နေပါတယ်။

တကယ်က ဗမာပြည်နိုင်ငံရေးမှာ ဂျင်ဝက်ဘ်ပေါ်လာပြီး ကတည်းကစပြီး နအဖ စစ်အစိုးရဟာ နိုင်ငံခြားသားဆိုရင် သံသယ မျက်လုံးနဲ့ချည့် ကြည့်နေခဲ့တဲ့ အစဉ်အလာကို ဘေးဖယ်ထားခဲ့ပါပြီ။ အရင်ကတော့ အနောက်နိုင်ငံကလာတဲ့ လူတွေဆိုရင် တိုးရစ်ကအစ၊ အင်န်ဂျီအိုနဲ့ သတင်းထောက်အလယ်၊ သံတမာန်အဆုံး၊ အားလုံးကို ဓမ္မန္တရာယ်လို့သဘောထားခဲ့၊ ဆန့်ကျင်ခဲ့တာပါ။ အခုတော့ သူတို့က နိုင်ငံခြားသားတွေကို ပြန်ပြီးအသုံးချနေပါပြီ။ ဗမာပြည်နိုင်ငံရေးနဲ့ နိုင်ငံရေးအင်အားစုတွေ၊ နိုင်ငံရေးသမားတွေ၊ စောင့်ကြည့် လေ့လာ အကဲခတ်သူတွေကို အလွန်ဆုံး သိုင်းရေးပြတာလောက်သာ ထိရောက်တဲ့ နိုင်ငံခြားသားတွေနဲ့ အင်တာ ဗျူးတဲ့ကိစ္စတွေနဲ့ပဲ အလုပ်များနေအောင်လုပ် ထားလိုက်ပါတယ်။ တချိန်တည်းမှာ တကယ်လုပ်သင့်၊ လုပ်ရမှာတွေနဲ့ မျက်ခြေ ပြတ်သွားအောင်လည်း ကလဖန်ထိုးနေတာဖြစ်ပါတယ်။

နအဖရဲ့ ဒီခြေလှမ်းဟာ သူတို့အနေနဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေး လုပ်ကိုင်ခွင့်တွေ ပေးနေပါတယ်လို့ လူတွေ ထင်အောင် အာဘော်ဖန်တီးနေတာလည်း ဖြစ်ပါတယ်။ တကယ်က နိုင်ငံရေး လုပ်တယ်ဆိုတာဟာ ပြည်ပက လူတွေနဲ့၊ မီဒီယာတွေနဲ့ အမေးအဖြေတွေ လုပ်နေတာ သက်သက် မဟုတ်ဘူးဆိုတာ လူတိုင်းသိပါတယ်။ တကယ်က နိုင်ငံရေးလုပ်တယ်ဆိုတာဟာ အဓိကအားဖြင့် လူထုထဲကိုဆင်း၊ ကိုယ့်ပါတီဝင် ထုထဲကိုဆင်း၊ သူတို့ရဲ့အခြေအနေတွေနဲ့ အမြင်သဘောထားတွေကို နားလည်အောင် လုပ်၊ ပါတီရဲ့ အယူအဆ သဘောထားတွေကို ရှင်းပြ၊ အသစ်ချမှတ်၊ ပြီးရင် လုပ်ငန်းတွေ၊ လှုပ်ရှားမှုတွေ လုပ်တာ စသဖြင့် ဖြစ်ရမှာပါ။ အခုတော့ နအဖဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ခေါင်းဆောင်မှုကို သူ့ အောက်ခြေထုနဲ့ ခွဲခြား၊ လူထုနဲ့ ဖြတ်ထား၊ ပြီးတော့ သူတို့က အချိန်မရွေး အာဏာသုံး ချေမှုန်းပစ်နိုင်အောင် အစီအစဉ်တကျလုပ် နေတာဖြစ်ပါတယ်။

တချို့သောနိုင်ငံရေးအင်အားစုတွေကတော့ အခုအခါမှာ နအဖ လုပ်နေတာတွေ နောက်ကိုပဲ လိုက်နေရတဲ့ အဖြစ် ဖြစ်မှန်း မသိဖြစ်လာတယ်။ ဒါကြောင့်လည်း စစ်အစိုးရက ကိုယ့်အစီအစဉ်၊ ကိုယ့်လက်ဦးမှုနဲ့ ထွင်းဖောက်




ထွက်လာတဲ့ ရွှေဂုံတိုင် ကြေညာစာတန်းကို အမှောင်ချထားဖို့ နအဖ က လုပ်နေပါတယ်။ ဒီကြေညာစာတန်းကို လူထုက အာရုံ မစိုက်မိအောင်၊ ကမ္ဘာက သတိမထားအောင် ဂရုတစိုက်လုပ်ခဲ့ ပါတယ်။

ဗမာပြည်နိုင်ငံရေးနဲ့ ကမ္ဘာ့နိုင်ငံရေးခွင်နဲ့ဆက်စပ်မှုမှာ အခုနောက်ပိုင်း ပြောင်းလဲလာတဲ့ ထူးခြားချက် တခုကို ထောက်ပြဖို့ လိုမယ်ထင်ပါတယ်။ အစမှာတော့ နအဖ စစ်အစိုးရရဲ့ လူမဆန်တဲ့လုပ်ရပ်တွေကြောင့်မို့ ဗမာပြည်နိုင်ငံရဲ့အရေးဟာ နိုင်ငံတကာ့ခွင်၊ ကုလသမဂ္ဂ အစည်းအဝေးခန်းမ၊ အာစီယံစကားဝိုင်း၊ အီးယူစကားဝိုင်း စတာတွေကို ရောက်ကုန်ပါတယ်။ ဒီအတွက် နအဖဟာ အင်မတန်မှလည်း စိတ်ဆိုး ဒေါသထွက်ပါတယ်။ သူတို့ ခေါင်းဆောင်တွေ နိုင်ငံစုံ အစည်းအဝေးတွေကို မတက်ရဲ၊ မတက်ဝံ့ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ အခြေအနေတွေဟာ ပြောင်းလဲစ ပြုနေပါတယ်။ အဲဒါကတော့ နအဖဟာ ဗမာပြည်အရေးကို နိုင်ငံခြားသားတွေရဲ့ လက်ထဲ ထိုးထည့်နေတယ်လို့ ယူဆစရာ အခြင်းအရာတွေ မြင်တွေ့နေရတာပါပဲ။

တကယ့်ဖြစ်ရပ်က ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းကိုက ပြောင်းလဲစ ပြုလာတာဖြစ်ပါတယ်။ ဒီလိုအခါမှာ ဗိုလ်နေဝင်း လက်ကျ စစ်အုပ်စုဟာ  ကမ္ဘာ့အင်အားကြီး နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံ စီးပွားရေးကျဆင်းပြီး အရှိန်သြဇာတွေ မှေးမှိန်သလို ဖြစ်လာတာကို သူတို့အတွက် အခွင့်ကောင်းပဲဆိုပြီး နိုင်ငံတကာ အဝန်းအဝိုင်းကို ဝင်တိုးဖို့ အောက်လမ်းနည်းတွေနဲ့ ကြိုးပမ်းနေတာလို့ ဆိုရပါမယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒါဟာ နအဖ စစ်အုပ်စုရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ပွဲထုတ်ချိန်ဖြစ်နေပါတယ်။ နအဖ စစ်ဗိုလ်ချုပ်တွေအဖို့ သေရေး ရှင်ရေးတမျှ အရေးကြီးတဲ့ နိုင်ငံရေး အချိုးအကွေ့နဲ့ နေအကျပိုင်းကို ဖြတ်သန်းနေရတဲ့ အိုဘားမား အစိုးရတို့ဟာ ဒီအကွေ့မှာ ကြောင်ခံတွင်းပျက်နဲ့ဆက်ရက် တောင်ပံကျိုးလို ကြုံတွေ့ကြတာ ဖြစ်ပါတယ်။ သူတို့ အခြေအနေဟာ ရည်းစားစာပေးတဲ့အဆင့်ကို ကျော်လို့ နှစ်ဘက် မူလကျီ လုပ်ကြတဲ့အဆင့်ကိုတောင် ရောက်နေပြီလို့ ယူဆစရာ ဖြစ်ပါတယ်။

အမေရိကန် အိမ်ဖြူတော်ရဲ့ ပေါ်လစီအပြောင်းအလဲလို့ ဆိုလိုက်တာနဲ့ တချို့လူတွေရဲ့အာရုံဟာ အဲဒီနောက်ကို ပါသွား ပါတော့တယ်။ ဒါပြည်တွင်းက လူရော၊ ပြည်ပနေ လူများထဲမှာပါ တွေ့ရတာပါ။ တချို့များဆိုရင် ကိုယ့်ရဲ့အခြေခံလုပ်ငန်းစဉ်တွေ၊ လမ်းစဉ်တွေကို အဲဒီ တကယ်မဖြစ်သေးတဲ့ အပြောင်းအလဲနဲ့အညီ လိုက်ထိန်းညှိ၊ ပြုပြင်နေကြတာတောင် တွေ့ရပါတယ်။ သူတို့လုပ်ပုံဟာ ပြည်တွင်းအခြေအနေ၊ ပြည်တွင်းက လူထုဆန္ဒ စတာတွေကို မေ့ပစ်လိုက်ပြီလားလို့ မေးရမလိုတောင် ဖြစ်သွားပါတယ်။ ဘာမှ မကြာသေးခင်ကမှ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က တင်ခဲ့တဲ့ ရွှေဂုံတိုင်ကြေညာချက်အကြောင်းကိုလည်း စကား မစကြတော့ပါဘူး။

တကယ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွှေဂုံတိုင်ကြေညာချက်ဟာ အတိုက်အခံအားလုံးအနေနဲ့ တခြား အဖွဲ့အစည်းတွေနဲ့ လက်တွဲလုပ်ကိုင်ရာမှာ အနိမ့်ဆုံး ဘုံတူညီချက်အဖြစ် သတ်မှတ်နိုင်မလား စဉ်းစားကြ၊ ဆွေးနွေးညှိနှိုင်းကြသင့်တဲ့အရာ ဖြစ်ပါတယ်။ အထူးသဖြင့် လက်တွေ့လုပ်ငန်းပိုင်းမှာပါ။ နအဖရဲ့ ရွေးကောက်ပွဲ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတို့အပေါ် သဘောထားတွေမှာ ရပ်တည်ချက် စည်းလိုင်း သတ်မှတ်ရမယ် ထင်ပါတယ်။ ဒါဟာ နိုင်ငံရေးသမားတိုင်း၊ အဖွဲ့အစည်းတိုင်းအဖို့ ဒီတကွေ့ ရပ်တည်ချက်ဟာ သမိုင်းမှာ မော်ကွန်းတင် ကျန်ရစ်လိမ့်မယ်ဆိုတာ သံသယဖြစ်စရာမလိုပါဘူး။

အခုအချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အချက် ငါတို့အကွက်ဆိုပြီး သဘောထားလုပ်ကိုင် နေကြတာတွေလည်း တွေ့နေ ရပါတယ်။ သူတို့တတွေ ခေတ်ပျက်သူဌေး တွေးခေါ်မှုနဲ့ လုပ်နေကြတယ်ဆိုတာ လူတိုင်းသိပါတယ်။ သူတို့ကိုယ် သူတို့ တတိယ အုပ်စုလို့ပဲ ဆိုဆို၊ စတုတ္ထအုပ်စုလို့ပဲ ပြောပြော သမိုင်းမှာတော့ နအဖ စစ်အုပ်စုကို ရေရှည် စိုးမိုးဖို့အတွက် ပုခုံးနဲ့ထမ်းတင်ပေးခဲ့ သူများအဖြစ် မော်ကွန်းတင် ကျန်ရစ်မှာပါ။ ဗိုလ်နေဝင်းကို ပုခုံးနဲ့ ထမ်းတင်ပေးခဲ့သူများထက်တောင်မှ နာမည်ပျက်လိမ့်ဦးမယ် ဆိုတာမမေ့ကြပါနဲ့။

ဗသြ